# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 5 , 2023 Volume 62, Number 3


၅.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၅၂ US$ |
| မြန်မာ့ရွှေဈေး | = ၂၇၃၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၀.၂၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၇.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၅.၄ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၄၃၂.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၅၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၅.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၈.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၈၅၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## တရုတ်-မြန်မာနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေကြောင်းသိရ



https://news-eleven.com/article/242634

တရုတ်-မြန်မာ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေကြောင်း နယ်စပ်ကုန်သည်များထံမှ သိရသည်။

တရုတ်-မြန်မာ နယ်စပ်ဂိတ်များဖြစ်သည့် မန့်ဝိန်းဂိတ်၊ နန်းတော်ဂိတ် ၊ ဆင်ဖြူတော်ဂိတ်၊ မူဆယ်ကျယ်ဂေါင်ဂိတ်အစရှိသည့် ဂိတ်များကို ဇန်နဝါရီ ၈ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း နယ်စပ်ကုန်သည်များထံမှ သိရသည်။ "မန့်ဝိန်းဂိတ်၊ နန်းတော်ဂိတ်၊ ဆင်ဖြူတော်ဂိတ်များကို ပြန်လည်ဖွင့်ပြီး လူများ၊ ကားများ၊ ဆိုင်ကယ်များ၊ ထော်လာဂျီများကို ယခင်ကကဲ့သို့ ဝင်ထွက်သွားလာခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရပါသည်"ဟု နယ်စပ်ကုန်သည်ကြီးတစ်ဦးက ပြောကြားသည်။

ကိုဗစ်ရောဂါကူးစက်မှုများကို ကာကွယ်ရန်ဟုဆိုကာ တရုတ်ဘက်မှ မြန်မာနယ်စပ်ဂိတ်ပေါက်များကို စတင်ပိတ်သိမ်းခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် တရုတ်ဘက်မှ ပြန်လည်ဖွင့်လှစ်ရန်စီစဉ်လာခြင်းဖြစ်ကြောင်း နယ်စပ်ကုန်သည်များထံမှ သိရသည်။

တရုတ်နှင့်နယ်စပ်ကုန်သွယ်ရေးပြုလုပ်ရာတွင် ယွမ်နှင့်ကျပ်ငွေ တိုက်ရိုက်ပေးချေရန် စီစဉ်လျက်ရှိပြီး ပုဂ္ဂလိကဘဏ်များတွင် အကောင့်ဖွင့်လှစ်ခြင်းများ ပြုလုပ်ကာ ကုန်သွယ်ရန် တိုက်တွန်းထားသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းထားသည့် ၁၀ နိုင်ငံတွင် တရုတ်နိုင်ငံမှ ဒေါ်လာ ၄၆၄၇ သန်းကျော်၊ စင်ကာပူမှ ဒေါ်လာ ၂၆၀၄ သန်းကျော်နှင့် ထိုင်းနိုင်ငံမှ ဒေါ်လာသန်း ၁၉၈၀ ကျော်ဖြင့် အစဉ်လိုက်ရပ်တည်နေကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိအတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းထားသည့်နိုင်ငံများတွင် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဂျပန်နှင့်အမေရိကန်တို့ဖြစ်သည်။

**Source:** https://news-eleven.com/article/242634

## CONTACT US


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ


ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဒီဇင်ဘာလအတွင်း ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှု နိုဝင်ဘာလထက် တန်ချိန် ၃၅၀၀၀ ကျော်လျော့




https://greenwaymyanmar.com/posts/Rice_export_December




https://greenwaymyanmar.com/posts/Rice_export_December




https://greenwaymyanmar.com/posts/Rice_export_December

ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်း ဆန်နဲ့ဆန်ကွဲ ပြည်ပတင်ပို့မှုအနေနဲ့ ၂၂၈၄၄၅ တန်ရှိခဲ့ပြီး နိုဝင်ဘာတင်ပို့မှုထက်စာရင် တန်ချိန် ၃၅၀၀၀ ကျော်လျော့ကျသွားတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။

နိုဝင်ဘာလအတွင်းကတော့ ဆန်နဲ့ဆန်ကွဲပြည်ပတင်ပို့မှုဟာ ၂၆၄၀၃၇.၆ မက်ထရစ်တန်ထိရှိခဲ့တာဖြစ်လို့ ဒီဇင်ဘာမှာ တင်ပို့မှုဟာ ၃၅၅၉၂.၆ တန် လျော့ကျသွားတာပါ။

ဒီဇင်ဘာလအတွင်း ပြည်ပသို့ ဆန်နဲ့ဆန်ကွဲတင်ပို့တဲ့ကုမ္ပဏီ စုစုပေါင်း ၄၂ ခုရှိခဲ့ပြီး နိုဝင်ဘာလထက် ၁ ခုပိုတိုးခဲ့တယ်လို့ သိရပါတယ်။ ဆန်တင်ပို့မှု ၁၄၈၁၂၇ မက်ထရစ်တန်၊ ဆန်ကွဲတင်ပို့မှု ၈၀၃၁၈ မက်ထရစ်တန်ဖြစ်တယ်လို့ သိရပါတယ်။ နယ်စပ်ကနေတင်ပို့မှုအနေနဲ့ ၅၃၄၈၅ မက်ထရစ်တန်သာရှိခဲ့ပြီး နိုဝင်ဘာလနဲ့ယှဉ်ရင် နယ်စပ်တင်ပို့မှုတန်ချိန် ၃၀၀၀၀ ကျော်လျော့ကျသွားတာပါ။ ကျန်တဲ့ ၁၇၄၉၆၀ မက်ထရစ်တန်ကိုတော့ သင်္ဘောနဲ့ပင်လယ်ဖြတ်ကျော်တင်ပို့ခဲ့တာပါ။ ဒီဇင်ဘာလအတွင်း ဆန်နဲ့ဆန်ကွဲ ပြည်ပတင်ပို့မှုကနေ ပြည်ပဝင်ငွေအနေနဲ့တော့ စုစုပေါင်းအမေရိကန်ဒေါ်လာသန်း ၉၀ ရခဲ့တယ်လို့ဆိုပါတယ်။ နိုဝင်ဘာနဲ့ယှဉ်ရင်တော့ ၁၆ သန်းလျော့သွားတာ ဖြစ်ပါတယ်။

ဆန်တင်ပို့မှုအနေနဲ့ အရင်လအတိုင်းပဲ စုစုပေါင်း ၂၄ နိုင်ငံကို တင်ပို့ခဲ့ပြီး အများဆုံးတင်ပို့ခဲ့တဲ့နိုင်ငံကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံပဲဖြစ်ပါတယ်။ ဒါပေမဲ့ စုစုပေါင်း ၅၄၅၅၀ မက်ထရစ်တန်သာ တင်ပို့ခဲ့တာဖြစ်လို့ စုစုပေါင်းတန်ချိန် ၃၃၁၆၀ တန် လျော့သွားပါတယ်။ ဒါကြောင့် နိုဝင်ဘာလနဲ့ယှဉ်ရင် ဒီဇင်ဘာလမှာ ဆန်တင်ပို့မှုလျော့သွားတဲ့ အဓိကအကြောင်းက ဘင်္ဂလားဒေ့ရှ်ကို တင်ပို့နိုင်မှုလျော့ခဲ့တာကြောင့်ဖြစ်တာ တွေ့ရပါတယ်။

နိုဝင်ဘာလအတွင်း စုစုပေါင်း ၄၉၆၈၅ မက်ထရစ်တန် တင်ပို့ခဲ့ရတဲ့ တရုတ်နိုင်ငံကိုလည်း ဒီဇင်ဘာလအတွင်း ၉၆၉၂ တန်လျော့ပြီး ၃၉၉၉၃ တန်သာ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒါပေမဲ့ တရုတ်သို့ ဆန်ကွဲတင်ပို့မှုကတော့ ၄၀၄၆၂ တန်ရှိခဲ့ပြီး နိုဝင်ဘာလနဲ့ယှဉ်ရင် ၁၆၇၁၂ တန် ပိုများခဲ့တာ ဖြစ်ပါတယ်။

ဥရောပတိုက်က ဘယ်လ်ဂျီယံကတော့ ဆန်ကွဲဝယ်ယူမှုလျော့ကျခဲ့ပြီး ၃၁၇၅၀ တန်သာရှိတော့ကာ နိုဝင်ဘာလနဲ့ယှဉ်ရင် ၂၄၅၉၅ တန် လျော့သွားတာဖြစ်ပါတယ်။ တင်ပို့ရတဲ့နိုင်ငံကတော့ ၁၁ နိုင်ငံဖြစ်လာပြီး နိုဝင်ဘာနဲ့ယှဉ်ရင် တစ်နိုင်ငံတိုးလာတာ တွေ့ရပါတယ်။

၂၀၂၂ ခုနှစ် ဧပြီလကစလို့ ဒီဇင်ဘာလအထိ ဆန်နဲ့ဆန်ကွဲပြည်ပတင်ပို့မှုမှာ နိုဝင်ဘာလအတွင်း အမြင့် ဆုံးဖြစ်ခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။

နိုင်ငံတကာသတင်းတွေအရတော့ ကမ္ဘာ့ဆန်ဈေးကွက်မှာ အဓိကကျတဲ့ အိန္ဒိယနိုင်ငံက ပြည်ပဆန်တင်ပို့မှုအပေါ် တားဆီးကန့်သတ်မှုတွေပြုလုပ်လိုက်တဲ့အတွက် ကမ္ဘာ့ဆန်ဝယ်လိုအား မြင့်တက်နေသေးပြီး မြန်မာနိုင်ငံကနေ ဆန်တတိယ အများဆုံးတင်ပို့နေရတဲ့ ဖိလစ်ပိုင်နိုင်ငံကလည်း ၂၀၂၃ အတွင်း ဆန်တန်ချိန် ၃ ဒသမ ၄ သန်းလောက် တင်သွင်းရမယ်လို့ ထုတ်ပြန်ထားပါတယ်။

**Source:** https://greenwaymyanmar.com/posts/Rice_export_December

## နတ်မောက်မြို့နယ်၌ စိုက်ပျိုးသောစပျစ်များ အောင်မြင်ဖြစ်ထွန်း၍ ယခင်နှစ်ကထက် စျေးပိုရရှိ

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာအချို့၌ စိုက်ပျိုးထားသော စပျစ်များ အောင်မြင်ဖြစ်ထွန်း၍ ယခင်နှစ်ကထက် စျေးပိုရရှိကြောင်း သိရသည်။

"စပျစ်စိုက်ပျိုးလာတာ ခုနှစ်ဆိုရင် ခြောက်နှစ်ရှိပါပြီ။ ပျိုးပင်ကိုတော့ ရမည်းသင်းမြို့နယ်ကို သွားရောက်ဝယ်ယူရပါတယ်။ ပျိုးပင်စျေးနှုန်းက တစ်ပင်ကိုငွေကျပ် ၃၅၀ ပေးဝယ်ရပြီးတော့ စပျစ်ပင် ၅၀၀ ကျော်စိုက်ပျိုးထားပါတယ်။ စျေးကွက်ကိုမှန်း၍ လေးလကြိုပြီး ကိုင်းဖြတ်ပေးရပါတယ်။ စက်တင်ဘာလဆန်းပိုင်းမှာ ကိုင်းဖြတ် ထားတဲ့ စပျစ်များဟာ ခုဆိုရင် စျေးကွက်ကို တင်ပို့ရောင်းချနေရပါပြီ။ စျေးကတော့ အရင်နှစ်တွေထက် စျေးပိုရပါတယ်" ဟု စပျစ်စိုက်ပျိုးသူ ကိုဝေယံစိုးကပြောသည်။

စပျစ်အမျိုးမျိုးရှိပြီး ဘလက်ကွင်း၊ သီးချွန်၊ ရွှေနီ၊ သခွားမွှေး၊ ဘောဘလပ်၊ အာဂျီ (ပန်းရောင်)တို့အနက် စားသုံးသူ စျေးကွက်ဝင် အမျိုးအစားများကို ရွေးချယ် စိုက်ပျိုးကြပြီး စပျစ်ပင် ၅၀၀ စိုက်ပျိုးပါက ပျိုးပင်ဖိုး၊ ရေတင်ရန် (စက်သုံးဆီ)၊ လုပ်အားခ၊ ဆေးဖိုးစသည်ဖြင့် ၁၆ သိန်းခန့်ကုန်ကျမှုရှိကြောင်း၊ ယခင်နှစ်က စပျစ်သီးတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ရောင်းချရပြီး ယခုနှစ်တွင် စပျစ်သီးတစ်ပိဿာလျှင် လက်ကားစျေး ငွေကျပ် ၃၈၀၀ ရောင်းချရကာ လက်လီစျေးငွေကျပ် ၄၀၀၀ ရောင်းရသဖြင့် စိုက်ပျိုးသူများ စျေးပိုရရှိကြောင်း စပျစ်စိုက်ပျိုးသူများထံမှ သိရသည်။

**Source:** https://www.myawady.net.mm/node/34922

## မြစ်ကြီးနား သစ်သီးစျေးကွက်ထဲသို့ စစ်ကိုင်းတိုင်းဒေသကြီးမှ တင်သွင်းသည့် ဆီးချိုသီး(အစို)

ပြည်နယ်နှင့်တိုင်းဒေသကြီးတွင် ဒေသထွက်ကုန်ပစ္စည်းများ အမျိုးမျိုးရှိကြသော်လည်း ယခုပြည်တွင်းကုန်သွယ်မှု အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှထွက်ရှိသည့် ဆီးချိုသီး(အစို)ကို မြစ်ကြီးနားသစ်သီးစျေးကွက်ထဲသို့ တင်သွင်းမှုပြုခဲ့ရာ ယခုလက်ရှိ စျေးကွက်ထဲတွင် တော်တော်များများတွေ့ရှိရကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများအသီးသီးရှိကြသော်လည်း ထွက်ကုန်ပစ္စည်းများထွက်ရှိမှု မတူညီကြပေ၊ မိမိဒေသတွင်ထွက်ရှိသည့် ကုန်ပစ္စည်းများကို အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ တင်ပို့ကြပြီး၊ မိမိဒေသ၏ လိုအပ်သည့်ကုန်ပစ္စည်းများကို စျေးကွက်လိုအပ်ချက်အရ အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှတင်သွင်း၍ ပြည်တွင်းကုန်သွယ်မှုများ လုပ်ဆောင်လျက်ရှိနေကြသည်ကို တွေ့ရှိရပါသည်။

ယခု မြစ်ကြီးနား သစ်သီးစျေးကွက်ထဲသို့ စစ်ကိုင်းတိုင်းဒေသကြီးမှထွက်ရှိသည့် ဆီးချိုသီး (အစို) ကို တင်သွင်းလျက်ရှိရာ မြစ်ကြီးနားသစ်သီးစျေးကွက်ထဲတွင် ဆီးချိုသီး တော်တော်များများတွေ့ရှိရပါသည်။ ရာသီပေါ် အစားအစာဖြစ်သည့် ဆီးချိုသီးကို ဒေသခံစားသုံးသူများက သရေစာအဖြစ်စားသုံးကြရာ ဆီးချိုသီး ၆/၇ ပြည်ခန့်ဝင်သည့် စက္ကူဂုပ်ဖာ တစ်ဖာလျှင် ၁၄၀၀၀ ကျပ်ပေးဝယ်ရပြီး၊ နို့ဆီ(၄)ဗူးဝင် ဆီးချိုသီးတစ်ဗူးလျှင် ၁၅၀၀ ကျပ်ဖြင့် ပြန်လည်ရောင်းချ၍ ၆၅၀၀ ကျပ်ခန့်အမြတ်ရရှိကြောင်း ဝယ်ရောင်းတစ်ဦးမှ ပြောပြချက်အရ သိရှိရပါသည်။

ယခုကဲ့သို့ ပြည်တွင်းကုန်သွယ်မှုပြုလုပ်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အချင်းချင်းအပြန်အလှန်ကုန်သွယ်မှု ပြုလုပ်ခြင်းသည် စိုက်ပျိုးထုတ်လုပ်သူ၊ သယ်ယူပို့ဆောင်သူ၊ ပြန်လည်ရောင်းချသူစသည်တို့ကို အလုပ်လက်မဲ့ဖြေရှင်းပေးမှု ဖြစ်စေပြီး မိသားစု အပိုဝင်ငွေများလည်းရရှိနိုင်ကြောင်း သစ်သီးဝယ်ရောင်းတစ်ဦး၏ ပြောပြချက်အရသိရှိရပါသည်။

Source: မနော‌မြေကုန်သွယ်မှုဇုန်ဌာန

## မိုးကြက်သွန်နီ စျေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာပွဲရုံသို့ မိုးကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေပြီး နေ့စဉ်ပိဿာချိန် ၁၀၀၀၀ခန့် ပုံမှန်ဝင်ရောက်လျက်ရှိပါသည်။ ပွဲရုံသို့ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်းအဆွဲများရှိခြင်း ၊ ရန်ကုန်၊ မန္တလေးနှင့် ချင်းတွင်းအထက်မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်းသိရပါသည်။

ယခုတစ်ပတ် မုံရွာပွဲရုံများတွင် ဝင်ရောက်လျက်ရှိသော မိုးကြက်သွန်နီ လက်ကားတစ်ပိဿာ ပေါက်ဈေးနှုန်းများမှာ (ကြီး) (၂၂၀၀-၂၃၅၀)ကျပ်၊ (လတ်) (၂၀၀၀)ကျပ်၊ (သေး) (၁၅၀၀-၁၇၀၀)ကျပ်၊ အသေးဆုံး အစမှာ (၅၀၀-၁၀၀၀)ကျပ်နှုန်းနှင့် အလုံးဆိုက်၊ အစိုအခြောက် အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိနေပါသည်။ မိုးကြက်သွန်နီ လက်လီဈေးနှုန်းများမှာ (ကြီး) (၂၄၀၀-၂၆၀၀)ကျပ်၊ (လတ်)(၂၁၀၀-၂၃၀၀) ကျပ်၊ (သေး) (၁၉၀၀-၂၀၀၀)ကျပ်ရှိပါသည်။ ယခင် အပတ်နှင့်နှိုင်းယှဉ်ပါက ပွဲစား၊ လှောင်လက်များအဝယ်နည်းနေခြင်း၊ အစိုများနေခြင်းကြောင့် ဈေးအနည်းငယ်ကျဆင်းလျက် ရှိကြောင်း သိရပါသည်။ ကြက်သွန်ဖြူလက်လီဈေးမှာ (ဗမာ) (၅၅၀၀-၆၀၀၀)ကျပ်၊ (ရှမ်းစ) (၄၅၀၀-၅၀၀၀) ကျပ်၊ ကြျူကုတ် (၅၅၀၀-၆၀၀၀)ကျပ်ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး အသီးသီးအရောင်းအဝယ်ဖြစ်နေကြောင်း သိရ ပါသည်။

**Source: ဧေယျာကုန်သွယ်မှုဗဟိုဌာန**

## အိန္ဒိယရဲ့ ပဲမျိုးစုံလွတ်လပ်စွာ တင်သွင်းခွင့်မူဝါဒ သက်တမ်းတိုးအပြီး မြန်မာ့ပဲမျိုးစုံ ဈေးမငြိမ်၊ ဈေးချဝယ်ယူမှုတွေရှိလာနိုင်




အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့ခွင့် လာမယ့် ၂၀၂၄ မတ်လထိ လွတ်လပ်စွာ တင်သွင်းခွင့်ပြု ကြောင်း ကြေညာအပြီးမှာပဲ မြန်မာ့ပဲဈေးများ ကျဆင်းသွားကာ နောက်နှစ်ထိ ဝယ်လိုအား ရှိနေတာဖြစ်တဲ့အတွက် ဈေးချဝယ်ယူမှုတွေရှိလာနိုင်တယ်လို့ ဈေးကွက်အတွင်းက သိရှိရ ပါတယ်။

ပြီးခဲ့တဲ့နှစ် မေလမှာ စတင်မိတ်ဆက်ခဲ့တဲ့ ပဲအမျိုးအစား (၂) မျိုးဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ "လွတ်လပ်စွာ တင်သွင်းခွင့်" မူဝါဒကို အိန္ဒိယအစိုးရက ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်သက်တမ်း ထပ်မံတိုးမြှင့်ပေးဖို့ အိန္ဒိယအစိုးရမှ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

ယခုဆုံးဖြတ်ချက်က လာမယ့်ဘဏ္ဍာနှစ်မှာ ပဲမျိုးစုံတင်သွင်းမှုဆိုင်ရာမူဝါဒနဲ့ပတ်သက်တဲ့ ထင်ကြေးပေးမှုတွေကို ရပ်တန့်စေခဲ့ပြီလို့လည်း အိန္ဒိယအစိုးရ တာဝန်ရှိသူတစ်ဦးကပြောကြားကြောင်း အိန္ဒိယမီဒီယာများနှင့် ဒေသတွင်းမီဒီယာ များက ဖော်ပြကြပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ အိန္ဒိယနိုင်ငံထံသတ်မှတ်ထားတဲ့ ပဲအမျိုးအစားတွေကို အရေအတွက် ကန့်သတ်ချက်မရှိဘဲ ဆက်လက်တင်ပို့ရောင်းချနိုင်မှာဖြစ်ပေမယ့် ယခုလို အိန္ဒိယကလွတ်လပ်စွာ ပဲတင်သွင်းခွင့်မူဝါဒကို တစ်နှစ်သက်တမ်းတိုးကြောင်း ဆုံးဖြတ်မှုအပြီး ပြည်တွင်းဈေးကွက်အတွင်း မတ်ပဲ (FOB) ဈေးက တစ်တန်ကို ကျပ် (၁၇) သိန်းအောက် ရောက်ရှိသွားပါတယ်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိတဲ့ မတ်ပဲနဲ့ပဲစင်းငုံက အိန္ဒိယရဲ့ဝယ်လိုအားအပေါ် အဓိကမှီခိုနေရတာဖြစ်ပြီး ယခုလို ပဲတင်သွင်းခွင့်မူဝါဒ အပြောင်းအလဲပေါ်မူတည်ကာ ပြည်တွင်းပဲဈေးကွက်အပေါ် ရိုက်ခတ်မှုရှိလာနေတာပါ။ ပဲကုန်သည် တစ်ဦးကတော့ "နှစ်သစ်မှာတော့ မတ်ပဲ ဈေးက အေးနေပါတယ်။ ပဲစင်းငုံနီကတော့ ဈေးတက်ပါတယ်။ အချို့ ပဲအသစ်တွေ ဈေးကွက်ထဲဝင်နေပြီး အမြင့်ဈေးရနေပါတယ်။ ကုလားပဲဈေး ဆက်တိုက်မြင့်နေပါတယ်။ နှမ်းဈေးအေးပါတယ်"လို့ ပြောဆို ပါတယ်။

ဘုရင့်နောင်ကုန်စည်ဈေးကွက်ရဲ့ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့ ဈေးများအရ မတ်ပဲ (FAQRC) တစ်တင်း ကျပ် (၅၄၃၄၀) ၊ မတ်ပဲ(SQRC) တစ်တင်း ကျပ် (၆၀၇၇၀)၊ မတ်ပဲ Raw တစ်ပိဿာ ကျပ် (၂၇၈၀) မှ (၂၈၀၀) ၊ ပဲစင်းငုံနီ တစ်တင်း ကျပ် ( ၅၆၄၃၀)၊ ထောပတ်ပဲ တစ်ပိဿာ ကျပ် (၃၀၄၀) မှ (၃၁၃၅)၊ ပဲကြီး ကုန်း တစ်ပိဿာ ကျပ် (၃၄၇၅) မှ (၃၇၄၀)၊ ပဲလွန်းနီ တစ်ပိဿာ ကျပ် (၂၇၅၀) မှ (၂၈၅၀) ရှိနေပါတယ်။ (ဈေးနှုန်းများ အချိန်နှင့် တပြေးညီ ပြောင်းလဲနိုင်)

မန္တလေး ပဲဈေးကွက်တွင်လည်း နှမ်းနက်စမုံ တစ်အိတ် ကျပ် (၂၂၅၀၀၀) မှ (၂၆၅၀၀၀)၊ နှမ်းဖြူ တစ်အိတ် ကျပ် (၂၆၀၀၀၀) မှ (၂၆၅၀၀၀)၊ နှမ်းညိုသစ် တစ်အိတ် ကျပ် (၂၂၀၀၀၀)၊ ပန်းနှမ်း တစ်အိတ် ကျပ် (၁၄၀၀၀၀)၊ စီပီပြောင်း တစ်အိတ် ကျပ် (၅၈၀၀၀) မှ (၅၉၀၀၀) ပဲကြီး တစ်အိတ် ကျပ် (၂၂၀၀၀၀) မှ (၂၅၅၀၀၀) ထောပတ်ပဲ တစ်အိတ် ကျပ် (၁၅၀၀၀၀) မှ (၁၆၅၀၀၀) ရှိနေတယ်လို့ ကုန်စည်ဒိုင် အသိုင်းအဝိုင်းမှ သိရှိရပါတယ်။

တစ်ဖက်မှာလည်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံ အစိုးရချင်းရေးထိုးထားတဲ့ MOU ကြောင့် မြန်မာ့မတ်ပဲ တန်ချိန် (၂) သိန်းခွဲနဲ့ ပဲစင်းငုံတန်ချိန် (၁)သိန်းတို့ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ကနေ စတင်ပြီး (၅) နှစ်ဆက်တိုက် တင်ပို့ခွင့်ရရှိထားပါတယ်။

အချက်အလက်တွေအရ အိန္ဒိယနိုင်ငံရဲ့ နှစ်စဉ်ပဲမျိုးစုံစားသုံးမှု (၁၅) ရာခိုင်နှုန်းခန့်ကို မြန်မာနိုင်ငံကနေ တင်သွင်းနေရပြီး ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ပဲမျိုးစုံတန်ချိန် (၂) သန်းခန့် တင်သွင်းခဲ့ရတယ်လို့ သိရှိရပါတယ်။

**ဤဆောင်းပါးကို Myanmar Future News မှကူးယူဖော်ပြပါသည်။**

**Source: https://t.me/htwettoe**

## သီရိလင်္ကာ၌ ပြည်တွင်းကြက်ဥဈေးနှုန်းကျဆင်းရန် ပြည်ပမှကြက်ဥတင်သွင်းမည်



Source: မြန်မာ့အလင်းသတင်းစာ

သီရိလင်္ကာအစိုးရသည် "ပြည်တွင်းဈေးကွက်စစ်ပွဲ"ကိုရင်ဆိုင်ရန် ကြက်ဥတင်သွင်းမည့် အစီအစဉ်တစ်ရပ်ကို ဇန်နဝါရီ ၃ ရက်က ကြေညာလိုက်သည်။

ဇန်နဝါရီ ၂ ရက်က ပြုလုပ်ခဲ့သော ဝန်ကြီးအဖွဲ့အစည်းအဝေး၌ ကြက်ဥတင်သွင်းရန် အစိုးရအဖွဲ့ကို အဆိုတင်သွင်းခဲ့ကြောင်းနှင့် အစိုးရအဖွဲ့က အဆိုပါအဆိုတင်သွင်းမှုကို အတည်ပြုခဲ့ကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗန္ဓုလ ဂူနာဝါဒီနာက သတင်းထောက်များကို ပြောကြားခဲ့သည်။

ပြည်တွင်း ကြက်ဥဈေးကွက်တွင် ကြက်ဥဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ဂူနာဝါဒီနာက ပြောကြားလိုက်သည်။ ထို့အပြင် သီရိလင်္ကာကုန်သွယ်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဝန်ကြီး နာလင်ဖာနန်ဒိုက ကြက်ဥတင်သွင်းခွင့် အဆိုပြုချက်ကို အတည်ပြုခဲ့သည်။

ကြက်ဥဈေးနှုန်းကို ထိန်းချုပ်ရန် သင့်တော်သောဆောင်ရွက်မှုများလုပ်ဆောင်ရန် သက်ဆိုင်ရာအာဏာပိုင်များကို သီရိလင်္ကာသမ္မတရာနေးလ်ဝစ်ခရီမီဆင်ဟဲက လမ်းညွှန်မှာကြားထားကြောင်း ဂူနာဝါဒီနာက ပြောကြားလိုက်သည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ပစ္စည်းတင်ပို့မှု အနည်းငယ်ကျဆင်း

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ခရုနှင့်ငါးမှုန့်တို့ဖြစ်သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ရေထွက်ပစ္စည်းတန်ချိန် ၂၄၃၃၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၄၈၃ သန်းတင်ပို့နိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် တန်ချိန် ၁၄၀၂၂၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈၇၂ သန်းသာ တင်ပို့နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၂၃၅ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၁ ကျပ်ခန့်ဖြစ်ကြောင်း သတင်းရရှိသည်။

Source: မြန်မာ့အလင်းသတင်းစာ

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 5th Jan. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,094 (Shares) | 23,211,350 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,700 | 8,800 | 8,700 | 56 | 488,200 | 33,109,694 | 291,365 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 661 | 2,181,300 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 3 | 23,100 | 10,400,986 | 80,088 |
| FPB | 00004 | 19,000 | +500 | +2.70% | 18,500 | 19,000 | 18,500 | 1,051 | 19,503,500 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,550 | 240 | 617,150 | 12,823,224 | 33,340 |
| EFR | 00006 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 4 | 11,000 | 19,977,223 | 54,937 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 79 | 387,100 | 10,497,598 | 51,438 |

## Market summary

As of 5th Jan. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.69 | +1.29 | +0.33% | 393.98 | 394.69 | 391.70 | 2,094 | 23,211,350 | 7 | 686,603 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 5th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 2,094 (Shares) | 23,211,350 (MMK) |

## Main Board

As of 1:00 pm, 5th Jan. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,094 (Shares) | 23,211,350 (MMK) |

| MYANPIX | 394.69 ▲ 1.29 |
|---|---|
| Total Volume (shares) | 2,094 |
| Total Value (MMK) | 23 mil |
| Listed Company | 7 |
| Market Cap. (MMK) | 686,603 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 500 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,750 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |